ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန

# ညွှန်ကြားချက် (၉/၂၀၂၅)

နေပြည်တော်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိ ဓာတ်ခွဲခန်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး) ရှိ ဓာတ်ခွဲခန်းများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားပါသဖြင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေစဉ်ကာလအတွင်း တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများအနေဖြင့် ဈေးကွက်နမူနာကောက်ယူစစ်ဆေးသည့် အစားအသောက်နမူနာများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် ညွှန်ကြားချက် (၄/ ၂၀၂၅) ဖြင့် ညွှန်ကြားခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (မန္တလေး) ရှိ ဓာတ်ခွဲခန်းမှာ လုပ်ငန်းပြန်လည်လုပ်ဆောင်နိုင်ပြီဖြစ်ပါ၍ ယခင်မန္တလေးသို့ပေးပို့မြဲ တိုင်းဒေသကြီး/ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများမှ ဈေးကွက်နမူနာကောက်ယူစစ်ဆေးသည့် အစားအသောက်နမူနာများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(မန္တလေး) ရှိ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရန်နှင့် နေပြည်တော်ဓာတ်ခွဲခန်းသို့ ဈေးကွက်နမူနာ ကောက်ယူစစ်ဆေးပေးပို့မည့် အစားအသောက်နမူနာများကို အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်) သို့ ပေးပို့စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

မှတ်ချက်။ ဤညွှန်ကြားချက်ဖြင့် (၂၃-၄-၂၀၂၅) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက် (၄/၂၀၂၅) ကို ပယ်ဖျက်လိုက်သည်။

9/6/25

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)

(ဒေါက်တာနီနီအေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

စာအမှတ်၊ အစဆ/၂(စသပ) ထွေ-၃/ ၂၀၂၅/ ၀၁၉ PP

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ( ၁၀ ) ရက်

CamScanner

ဖြန့်ဝေခြင်း-

၁။ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊

၃။ ညွှန်ကြားရေးမှူး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (ရန်ကုန်/ မန္တလေး)၊

၄။ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများ၊

---------------------- တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်၊ ------------------- မြို့၊

၅။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရှိကြော်ငြာသင်ပုန်းများ၊

မိတ္တူကို-

၁။ ရုံးလက်ခံ၊

၂။ မျှောစာတွဲ။